ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)**

**(အင်္ဂါနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၇၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၇၇.၈၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အင်္ဂါနေ့ ၄-၈-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးအောင်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇော်ဟိန်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကင်းရှိန်၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီး အောင်လွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးဌေးဦး၊ ရန်ကုန်

တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိုနိုင်ကိမ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၄၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ရှင်။

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေး များတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း (ပြည်ထောင်စုလမ်း၊ မုံရွာမြို့ရှောင်လမ်း)တွင် မိုင်တိုင်အမှတ် (၈၆)မိုင် (၁)ဖာလုံနှင့် (၈၈)မိုင် (၅)ဖာလုံကြား လမ်းအရှည် (၂)မိုင် (၄)ဖာလုံ လက်ရှိလမ်းအား အကျယ်ပေ(၃၀)ချဲ့ပြီး ကတ္တရာကွန်ကရစ်လမ်းခင်းရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်၊ (၄)မြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း(ပြည်ထောင်စုလမ်း၊ မုံရွာ မြို့ရှောင်လမ်း)တွင် မိုင်တိုင်အမှတ် (၈၆)မိုင် (၁)ဖာလုံနှင့် (၈၈)မိုင် (၅)ဖာလုံကြားမှာရှိတဲ့ လမ်းအရှည် (၂)မိုင် (၄)ဖာလုံ လက်ရှိလမ်းအား ပေ(၃၀) ချဲ့ပြီး အကျယ်အတွက် ကတ္တရာကွန်ကရစ် လမ်းခင်းရန် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့က စစ်ကိုင်းတိုင်းတစ်တိုင်းလုံးအတွက် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီးတော့ လူနေထူထပ်တဲ့ မြို့တော်လည်းဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ဆိုရင် ကုန်စည်စီးဆင်းမှု ဝင်ရောက်ရာထွက်ပေါက်/ဝင်ပေါက် စီးပွားရေးကုန်သွယ်မှုအတွက် အရေးကြီးတဲ့မြို့တော်လည်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတောင်းခံတဲ့လမ်းဟာ ပြည်ထောင်စုလမ်း တစ်နည်းအားဖြင့် မြို့ရှောင်လမ်းဖြစ်ပါတယ်။ မန္တလေးမြို့နဲ့ ရေဦးမြို့ကို ဖြတ်သန်းသွားရာမှာ မုံရွာမြို့၊ စစ်ကိုင်းမြို့တို့မှ ဖြတ်သန်းသွားရပါတယ်။ မုံရွာ - မန္တလေး အဝေးပြေးကားများ၊ ရေဦး - မန္တလေး အဝေးပြေးကားများနဲ့ ရေဦး - မုံရွာ နေ့စဉ်သွားယာဉ်များဟာ အစီးရေများပြားပြီး ခရီးသည်များ ကုန်စည်ပို့ဆောင်ရေးသွားတဲ့ယာဉ်များဟာ နေ့စဉ် ဒီအတိုင်း အသုံးပြုနေကြရပါတယ်။ သွားလာရေး လမ်းဟာ ချောမွေ့ကောင်းမွန်မှ ယာဉ်အန္တရာယ် ကင်းရှင်းမှာဖြစ်ပါတယ်။ ခရီး တွင်ကျယ်ပါမယ်။ လိုရာခရီးကိုလည်းပဲ စိတ်အေးချမ်းသာယာစွာ ရောက်ရှိမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုကို ပြည်သူများက အထူးလိုလားသည့်အတွက် မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း(ပြည်ထောင်စုလမ်း၊ မုံရွာ မြို့ရှောင်လမ်း)ဖြစ်တဲ့ မိုင်တိုင်အမှတ် (၈၆)မိုင် (၁)ဖာလုံ၊ (၈၈)မိုင် (၅)ဖာလုံကြားမှာရှိတဲ့ လမ်းအရှည် (၂)မိုင် (၄)ဖာလုံ လက်ရှိလမ်းကို ပေ(၃၀)အကျယ်အတွက် ကတ္တရာကွန်ကရစ်ခင်းရန် အထူးလိုအပ် နေပါတယ်။ ခန့်မှန်းကုန်ကျငွေကတော့ ကျပ်(၁၂၀၀.၁)သန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒါကြောင့် ပြည်သူများ ခရီးသွားလာရေးအတွက် အမှန်တကယ်လိုအပ်နေတဲ့ ယခု တောင်းခံ တင်ပြတဲ့လမ်းအတွက် ၂၀၂၀-၂၀၂၁ ဘတ်ဂျက် ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်း လျာထားပေးရန်

အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၅။**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး မေးမြန်းထားတဲ့ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း (ပြည်ထောင်စုလမ်း၊ မုံရွာမြို့ရှောင်လမ်း)အပိုင်းမှ မိုင်တိုင်အမှတ် (၈၆)မိုင် (၁)ဖာလုံနှင့် (၈၈)မိုင် (၅)ဖာလုံကြား လမ်းအရှည် (၂)မိုင် (၄)ဖာလုံ လက်ရှိလမ်းအား အကျယ်ပေ (၃၀)ချဲ့ပြီး ကတ္တရာကွန်ကရစ်လမ်းခင်းရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်း လျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာတဲ့အချက်အလက်များနဲ့ ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့ရှောင်လမ်းဟာဆိုရင် မန္တလေး-စစ်ကိုင်း-မုံရွာ - ရေဦးလမ်းရဲ့ မိုင်တိုင်အမှတ် (၁၁/၂၂)၊ (၈၈/၆)အကြား မုံရွာမြို့ကို ရှောင်ကွင်းသွားတဲ့ မြို့ရှောင်လမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ အဆိုပါ မြို့ရှောင်လမ်းရဲ့အရှည်ကတော့ (၇)မိုင် (၄)ဖာလုံဖြစ်ပြီး ၃၀-၉-၂၀၁၉ ရက်နေ့အထိ လမ်းအခြေအနေမှာ (၄၈)ပေအကျယ် ကတ္တရာလမ်း (၁)မိုင် (၇)ဖာလုံ၊ (၃၀)ပေအကျယ် ကတ္တရာလမ်း (၃)မိုင် (၄)ဖာလုံနှင့် (၂၄)ပေအကျယ် ကတ္တရာလမ်း (၂)မိုင် (၁)ဖာလုံတို့ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့ရှောင်လမ်းရဲ့ မိုင်တိုင်အမှတ် (၈၁/၂)မှ (၈၄/၀)အထိ (၂)မိုင် (၆)ဖာလုံကို (၄၈)ပေအကျယ်နဲ့ မိုင်တိုင်အမှတ်(၈၅/၃)မှ (၈၈/၅)အထိ (၃)မိုင် (၂)ဖာလုံတို့ကို (၃၀)ပေအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေမှာ လျာထားတင်ပြ တောင်းခံခဲ့သော်လည်း

ရန်ပုံငွေ ကန့်သတ်ချက်အရ မိုင်တိုင်အမှတ် (၈၅/၂)မှ (၈၆/၁)အတွင်းရှိ (၆.၅)ဖာလုံ ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျပ်သန်း(၅၀၀)သာ လျာထားနိုင်ခဲ့တဲ့အတွက် ကျန်ရှိနေတဲ့လမ်းပိုင်းများကို နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေ ဆက်လက်လျာထား တင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာတဲ့အချက်အလက်များနဲ့ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင်များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်အကြောင်းအရာကတော့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း) အခြားသောကျေးရွာများ၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာပဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(၉)ကျောင်း၊ အလယ်တန်းကျောင်း (၂)ကျောင်းနဲ့ မူလတန်းကျောင်း (၉၆)ကျောင်းဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ချောင်းဆုံမြို့နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍသည် အထူးအရေးပါမှုရှိသည်နှင့်အညီ နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးသည့်မှာလည်း စာသင်ကျောင်းများပင်ဖြစ်ပါတယ်။ မိမိမြို့နယ်သည် အခြားမြို့နယ်များနည်းတူ ဖွံ့ဖြိုး

တိုးတက်လာစေရေးအတွက် ပညာရေးအခြေခံအဆောက်အဦများကို ဆောက်လုပ်ပေးရန် များစွာ လိုအပ်လျက်ရှိပါတယ်။

မိမိမြို့နယ်၌ အခြားသော ကျေးရွာများတွင် ကျောင်းသားဦးရေအရ ကျောင်းဆောင် အဆောက်အဦများ လိုအပ်သည့်အတွက် ကျေးရွာနေပြည်သူများမှ ကျောင်းဆောင်များ ဆောက်လုပ်ရန် လိုအပ်သည့် မြေနေရာများကို ကိုယ်ထူကိုယ်ထ ဝယ်ယူနေရသည့်အနေအထားများလည်း ရှိကြ ပါတယ်။ အနာဂတ် မြန်မာနိုင်ငံတွင် မိမိတိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရမည့် နိုင်ငံ့သားကောင်းရတနာများ ယခုအချိန်အခါတွင် အေးချမ်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် လိုအပ်လျက်ရှိသော အ.မ.က ကွမ်လမိုင်း(တောင်)၊ ဘိုးနက်(မြောက်)၊ ကော့မုပွန်၊ တကူ ပတီခြံ၊ တကူပတီ၊ မုကွဲ၊ ဘုရားကြီးကုန်း၊ တကူဟအွီးနှင့် အထက်တန်းကျောင်း(ခွဲ)ကွမ်ရိုက် စာသင် ကျောင်းများကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၀။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းတင်ဌေး ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင်များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းမှာ အန္တရာယ်ရှိ ကျောင်းဆောင်များကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန် (၇)ကျောင်း၊ နောက် ကျောင်းသား ဦးရေ လိုအပ်ချက်အရ အသစ်ဆောက်လုပ်ပေးရန် (၈)ကျောင်း စုစုပေါင်းကျောင်းဆောင်သစ်(၁၅)

ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၁၁၅၀.၆၅)သန်း ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်းအားလုံး (၉)ကျောင်းအနက်မှ ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အရ တကူပတီခြံ-အခြေခံပညာမူလတန်းကျောင်းမှာ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး (၉၀ x ၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင် အသစ် တစ်ဆောင်၊ တကူပတီ-အခြေခံပညာမူလတန်းကျောင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး (၉၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်၊ မုကွဲ - အခြေခံပညာမူလတန်းကျောင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး (၇၀x၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် အသစ် (၁)ဆောင် အသီးသီး ဆောက်လုပ်ပေးရန်လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေမှာ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ လိုအပ်ချက်ရှိနေသော အခြေခံပညာ ကျောင်း(၆)ကျောင်းမှာလည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် လာမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေတွင် မြို့နယ်ဦးစားပေး အစီအစဉ် အရ ထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံဇာရ်ကျေးရွာအုပ်စု၊ ခွါဖိုးကျေးရွာသည် ရေရှားပါးနေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်ရေသန့်သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ခွါဖိုးကျေးရွာသည် ရေရှားပါးပြီး သောက်သုံးရေ အလွန်ခက်ခဲတဲ့အတွက် ရွာမှ (၇)မိုင်ဝေးကွာသော လိုအောန်ချောင်းမှ ရေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သွယ်ယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဤကျေးရွာဟာ ထန်တလန်မြို့မှ (၅)မိုင်အကွာတွင် တည်ရှိပြီး အိမ်ခြေ (၅၃)အိမ်၊ လူဦးရေ (၂၃၀)ဦးရှိရာ သောက်သုံးရေ အလွန်ခက်ခဲသောကျေးရွာ ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်တွင် UNDP မှ ရွာနှင့် (၄)မိုင်ဝေးကွာသောချောင်းမှ ရေကို PVC ပိုက်ဖြင့် သွယ်ယူပေးခဲ့ပါသော်လည်း နှစ်ပေါင်း(၃၀) ကြာမြင့်လာပြီဖြစ်သောကြောင့် ရေပိုက်များ ကွဲအက်ပျက်စီးပြီး ချောင်းရေများ တစ်နှစ်ပြီး တစ်နှစ် ခန်းခြောက်လာသဖြင့် ယခုအခါ ရေလုံလောက်မှုမရှိတော့တဲ့အတွက် များစွာအခက်အခဲနှင့် ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများအပြင် ကျေးရွာရှိ မိခင်နှင့် ကလေးများပါမကျန် ရေကို (၂)မိုင်ဝေးကွာသောချောင်းမှ ပခုံးဖြင့်လည်းကောင်း၊ ထမ်းစင်ဖြင့်လည်းကောင်း ခက်ခဲစွာ ထမ်းရွက်နေကြတာကို ကျွန်တော်တို့ တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီလို ရေခက်ခဲတဲ့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ ရေထွက်ကောင်းသောချောင်းကို ရှာဖွေလျက်ရှိရာ ရွာမှ (၇)မိုင်ခန့်ဝေးကွာသော လိုအောန်ချောင်းတွင် ရေကိုလုံလောက်စွာ ထွက်ရှိစီးဆင်းနေတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ထိုချောင်းမှ ရေကို သွယ်ယူပေးနိုင်ပါက နှစ်ပေါင်း (၅၀)တိုင် ရေလုံလောက်စွာ သောက်သုံးနိုင်၊ သုံးစွဲနိုင်ကြမှာဖြစ်ပါသည်။

ဤချောင်းရေ သွယ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်သူအင်ဂျင်နီယာများအား အကူအညီတောင်းခံခဲ့ရာ အင်ဂျင်နီယာမှ အသေးစိတ် ကွင်းဆင်းတိုင်းတာခဲ့ရာ Feasibility Survey ပြုလုပ်ရာ တစ်မိနစ်အချိန်ကာလ (၁၀)ဂါလန်ခန့်ထွက်ရှိပြီး ကျပ်သိန်းပေါင်း(၅၇၀) ကုန်ကျမည်ဟု တွက်ချက်ထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား အလေးအနက်စဉ်းစားပေးရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ တာလီ ရေလွှဲဆည်အား နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံး ပြုပြင်တည်ဆောက်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခွန်ဝင်းသောင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းနှင့် ပတ်သက်ပြီး Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ(၁၀)ရွာထက်မနည်း အသုံးပြုခဲ့ရတဲ့ တာလီရေလွှဲဆည်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ပြုပြင်မွမ်းမံဖို့ ရန်ပုံငွေပေါင်း ကျပ်(၃၅၉၂.၂၃၅)သန်း ချမှတ်ပေးခဲ့ဖူးပေမယ့် အဲဒီကာလရဲ့ အခြေအနေအရပ်ရပ်ကြောင့် အကောင်အထည်မဖော်နိုင်ဘဲ ပြန်လည်အပ်နှံခဲ့ရတာမို့ ယနေ့အချိန်အထိ စိုက်ပျိုးရေးတစ်ခုတည်းနှင့် အသက်မွေးဝမ်းကျောင်းနေကြရတဲ့ ဒေသခံ တောင်သူများရဲ့ လယ်မြေ (၃၄၈၆)ကေခန့်ဟာ မိုးရေကိုသာ အားကိုးစိုက်ပျိုးနေကြရတဲ့အတွက် များစွာသော အဆင်မပြေမှုများနှင့် ကြုံတွေ့နေကြရပါတယ်။

ဒါကြောင့် ယခုအခါမှာ လမ်းပန်းဆက်သွယ်ရေးများ ပွင့်လင်းတိုးတက်လာသည်နှင့်အညီ အဆိုပါ တာလီရေလွှဲဆည်ကို ပြန်လည်ပြုပြင်ပေးနိုင်မယ်ဆိုရင် နွမ်းလန်းကျေးရွာ၊ တာလီကျေးရွာ၊ တောပယ်၊ နောင်အန်၊ နမ့်အိန်၊ ပန်ချိုးဟိုင်၊ နောင်းပေါင်း၊ နောင်ကွမ်၊ နောင်စန့်၊ မခွယ်ကျေးရွာ၊ ကုန်းကတင်၊ နောင်မကောက်၊ နောင်းကုန်ကျေးရွာနှင့် လွယ်ဆယ်ကျေးရွာတွေမှာရှိနေကြတဲ့ ဒေသခံ တောင်သူလယ်သမားမိသားစုများရဲ့ ဘဝများစွာတို့အား ဖွံ့ဖြိုးတိုးတက်လာဖို့ အလားအလာကောင်းများ အလျင်အမြန်ရရှိနိုင်တာမို့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းမှာရှိတဲ့ အဆိုပါ တာလီရေလွှဲဆည်ကို နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး ပြန်လည်ပြုပြင်ပေးနိုင်ပါရန် လျာထားချက်အစီအစဉ်များ ရှိ/မရှိ ဆိုတာကို ဒေသခံ တောင်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလျက်ရှိသည့် ငါးနီတူ(ပလာကျင်းကျန်) ငါးဖမ်းလှေများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၇။**

**ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလျက်ရှိသည့် ငါးနီတူ ကျွန်တော်တို့ဒေသအခေါ် (ပလာကျင်းကျန်) ငါးဖမ်းလှေများကို မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ တနင်္သာရီ တိုင်းဒေသကြီးဟာ အနောက်ဘက်တစ်လျှောက်လုံး မြန်မာ့ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက် ရှိပါတယ်။ ဒေသခံပြည်သူများဟာ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် ရေလုပ်ငန်း၊ ငါးဖမ်း လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

ဒေသခံအများစုဟာ မိရိုးဖလာ ကိုယ်ပိုင် တစ်ပိုင်တစ်နိုင် စက်လှေငယ်များဖြင့်သာ ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ယခုနောက်ပိုင်း ၂၀၁၂ ခုနှစ်ကစပြီး ကျွန်တော်တို့ လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ပြင်ကြီးကို ဒေသခံ အနည်းအကျဉ်းမှအပ တခြားသောနေရာတွေက ပြောင်းရွှေ့လာပြီး တိုင်းရင်းသားပိုင်ရှင်မဟုတ်သော တခြားပိုင်ရှင်များ ကနေပြီး အရင်းအနှီးစိုက်ထုတ်ပြီးတော့ စီးပွားဖြစ်ပြုလုပ်လာတဲ့ ငါးနီတူ ကျွန်တော်တို့ ဒေသခေါ် (ပလာကျင်းကျန်)ငါးဖမ်းလှေများ တစ်စတစ်စနှင့် တဖြည်းဖြည်းတိုးချဲ့လာတာ နဂိုမူလ ဒေသခံ ငါးလုပ်ငန်းအသေးစားလုပ်ကွက်လေးတွေဟာ တဖြည်းဖြည်းပျောက်ကွယ်သွားပြီးတော့ နောက်ဆုံး ဒေသခံတွေဟာ တစ်ဖက်နိုင်ငံကို ရွှေ့ပြောင်းအလုပ်သမားအဖြစ်နှင့်ပဲ ဝမ်းရေးကို ရှာဖွေဝမ်းကျောင်း နေရပါတယ်။

ငါးနီတူလှေများရဲ့ အဓိကအားနည်းချက်ဥပဒေကို ချိုးဖောက်တာကတော့ ဥပဒေမှာပါတဲ့ ငါးကို မြူဆွယ်ဖြားယောင်းပြီး မဖမ်းရ ဆိုတာကို လျှပ်စစ်ဗို့အားအမြင့်ကြီးတွေသုံးပြီး ပင်လယ်ပြင် ကြီးကို တကယ့်ပွဲတော်လို ထိန်ထိန်လင်းအောင်လုပ်ပြီး ရေနေသတ္တဝါအကုန်လုံးကိုစုပြီး ဖမ်းတဲ့

နည်းနှင့်ဖမ်းပါတယ်။ အဲဒီဖမ်းတဲ့ပိုက်ကွက်တွေကလည်း အရမ်းသေးငယ်ပြီး ခြင်ထောင်ပေါက်လေးထက် နည်းနည်းပဲပိုကြီးတဲ့အတွက် မြန်မာ့ပင်လယ်ပြင်ကြီး ဘယ်လောက်ပဲကျယ်ကျယ် ပင်လယ်ပြင်ထဲမှာရှိတဲ့ သယံဇာတတွေဟာ အဲဒီလိုပိုက်ကွက်နှင့် ဖမ်းလို့ရှိရင်တော့ ရေပဲ ကျန်တော့မှာဖြစ်တဲ့အတွက် သာမန် တစ်ပိုင်တစ်နိုင်ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့ ပြည်သူများကိုကိုယ်စားပြုပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဒီမှာ ဆန်လုံးဝမပေါက်ကျတဲ့ပိုက်နဲ့ အဲဒီငါးကို ဖမ်းတာဖြစ်ပါတယ်။ အဲဒီပိုက်ကို တစ်နေရာက ကျွန်တော် ယူလာပြီး ဆန်လုံးတွေတင်ပြီးချတာတောင် ဆန်လုံးတောင် မပေါက်တဲ့ပိုက်ဖြစ်ပါတယ်။ ခဲတံနှင့် နှိုင်းယှဉ်ထားတဲ့ပုံဖြစ်ပါတယ်။ ဘောပင်နှင့် နှိုင်းယှဉ်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ပင်လယ်ကမ်းခြေခရီးသွားတွေ လာလည်တဲ့ကမ်းခြေမှာ နေရာယူပြီး ငါးတွေကို လှမ်းတဲ့စင်တွေဖြစ်ပါတယ်။ ဒါကတော့ ငါးလှမ်းထားတဲ့ပုံဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာဟာ ခရီးသွားလုပ်ငန်းအတွက် အရမ်းအဆင်ပြေတဲ့နေရာဖြစ်ပေမယ့် အဲဒီ ငါးလှမ်းစင်တွေက နေရာယူထားတဲ့အတွက် ခရီးသွားလုပ်ငန်းလုပ်တဲ့လူတွေနှင့် ငါးလှမ်းတဲ့လူတွေရဲ့ မြေယာပိုင်ဆိုင်မှုလုပ်ကိုင်မှုကို အငြင်းပွားတဲ့အခက်အခဲတွေလည်းရှိပါတယ်။

ဒါကတော့ ကြိုတင်ပြင်ဆင်ထားတဲ့နေရာ ဖြစ်ပါတယ်။ ဒါ အရင်ကတည်းက နဂိုမူလ အသက်မွေးဝမ်းကျောင်း မိရိုးဖလာလုပ်တဲ့ ပိုက်လှေငယ်လေးတွေနှင့် မျှောပိုက်ပါ။ နဂို တစ်လက်မ၊ တစ်လက်မခွဲ၊ နှစ်လက်မ အဲဒီပိုက်လေးတွေနှင့် မိသားစုတစ်ယောက် သို့မဟုတ် နှစ်ယောက်သုံးယောက်ထက် ပိုမထွက်ရတဲ့ပိုက်တွေဖြစ်ပါတယ်။ ငါးနီတူ ပိုက်လှေကိုကျတော့ ဓာတ်ပုံရိုက်ခွင့်မရှိဘူး။ ဒါကတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျွန်တော် အကူအညီတောင်းပြီး အဲ့ဒီလှေတွေမှာ သက်သေခံပစ္စည်းအဖြစ် ၎င်းငါးဖမ်းပိုက် လှေထဲမှာ မပါ ပါဘူး။ ဒါပေမဲ့ အဲဒီပိုက်တွေကို မြန်မာ့ပင်လယ်ပြင်ကြီးထဲမှာ သူတို့သွားဖမ်းတဲ့အချိန်မှာ ပိုက်ကို GPS နှင့် ချထားပြီး ကမ်းကိုဝင်လာတဲ့အချိန်မှာ လှေပဲ ဝင်လာပါတယ်။ ဒါပေမဲ့ အဲဒီလှေထဲမှာ ဘာရှိလည်းဆိုရင် ခုနကပြောတဲ့ လျှပ်စစ်မီးအားပြင်း ဝပ်(၁၀၀၀)မှ ဝပ်(၂၀၀၀) အဲဒီလောက်ရှိတဲ့ ဒိုင်နမိုနှင့် မီးအားတွေ ပါ ပါတယ်။

နောက်ဆုံး နေလှမ်းလို့မရတဲ့ ငါးတွေကို ရာသီဥတု မကောင်းဘူး၊ နေမပူဘူးဆိုရင် ၃၀ ရက်နေ့ကမေးတဲ့ စက်ရုံကို ပို့ပါတယ်။ အဲဒါ အနိမ့်ဈေးနှင့် ရပါတယ်။ ပင်လယ်ပြင်ကြီးကို ဖြတ်ပြီးတော့ သွားရောင်းသလိုဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် ပင်လယ်ပြင်တွင် ဥပဒေကို ကျော်လွန်၍ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိတဲ့ ငါးနီတူ(ပလာကျင်းကျန်) ကျွန်တော်တို့ ဒေသခေါ် ရေကြည်ငါး လို့ခေါ်တဲ့ မီးထွန်းငါးဖမ်းလှေများကို တည်ဆဲမြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ငါးနီတူပိုက်ကွက်နှင့် ဆန်စေ့ နှိုင်းယှဉ်ချက် ပြပုံ (ဖ)



မူလကရှိခဲ့ဖူးသည့် မျှောပိုက်လှေများနှင့် ကမ်းခြေ၏ မြင်ကွင်းပုံ (ဖ-၁)



တာဝန်ရှိသူများနှင့် သွားရောက်စိစစ်သည့် မြင်ကွင်းပုံ (ဖ-၂)



**ပခုက္ကူမြို့နယ်ရှိ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် တန့်ကြည်တောင်တန်း တစ်လျှောက်တွင် တစ်ဖက်ပိတ်ရေလှောင်တမံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်မှာရှိတဲ့ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် တန့်ကြည်တောင်တန်းတစ်လျှောက်မှာ တစ်ဖက်ပိတ်ရေလှောင်တမံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကြောင်းအရင်းကို အနည်းငယ်ရှင်းပြလိုပါတယ်။

ကျွန်တော်တို့ တန့်ကြည်တောင်တန်းဟာဆိုရင် ပခုက္ကူမြို့နယ်၊ ပခုက္ကူမြို့ရဲ့ အနောက်ဘက် မိုင်(၂၀)ခန့်အကွာ ဧရာဝတီမြစ်ရဲ့ အနောက်ဘက် မြစ်ခြေမြို့အနီးမှာ တည်ရှိပါတယ်။ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ၁၉၉၈ ခုနှစ်က စပြီးတော့ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောကျန်တွေကို ထိန်းသိမ်းကာကွယ်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကွန်တိုပေါင်စိုက်ပျိုးခြင်း စသဖြင့် အမျိုးမျိုးလုပ်ဆောင်ခဲ့ပေမယ့်လည်း အောင်မြင်မှုမရရှိဘဲနဲ့ တောင်ကတုံးကြီးအဖြစ်နှင့် ယခုအချိန်အထိ တည်ရှိနေဆဲဖြစ်ပါတယ်။ တန့်ကြည်တောင်ဒေသ မိုးရေချိန်ကို ကျွန်တော် လေ့လာကြည့်လိုက်ရင် မိုးရေချိန်ဟာ (၂၀)လက်မအောက် လျော့နည်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နွေ၊ မိုး၊ ဆောင်း (၃)ရာသီရှိတဲ့အနက်မှာ ကျွန်တော်တို့ ပခုက္ကူမြို့နယ်ဟာဆိုလို့ရှိရင် မိုးရာသီ ပျောက်လုနီးပါးဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ယနေ့ ပခုက္ကူမြို့နယ်ရဲ့အခြေအနေဟာ မုန်တိုင်းမိုးကိုသာ မျှော်ကိုးပြီးနေရတဲ့ အနေအထား ကိုရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီကနေ့ တန့်ကြည်တောင်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ပုပ္ပားတောင်ဒေသကို ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် မီးတောင်ကြီးဖြစ်ခဲ့တဲ့ ဒီပုပ္ပားတောင်ကြီးဟာ ယခု အချိန်ဆိုရင် စိမ်းစိုနေပြီ ဖြစ်ပါတယ်။ ဒါလည်း သဘာဝရေထွက်တွေကို စနစ်တကျအသုံးချပြီးတော့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို လုပ်နိုင်ခဲ့လို့လည်း ဖြစ်ပါတယ်။ ဒီကနေ့ ပုပ္ပားတောင်ဒေသရဲ့ မိုးရေချိန်ဟာ ကျွန်တော်တို့ တန့်ကြည်တောင်ဒေသထက် နှစ်ဆ ရရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေအတွက် အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ ရေရရှိရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ ယနေ့ ဧရာဝတီမြစ်က ရေကို ရေလှောင်ကန်တွေ တည်ဆောက်ပြီး အဆင့်ဆင့် မြစ်ရေတင်ရန်ဆောင်ရွက်ကြပေမယ့်လည်းပဲ သောက်သုံးရေအတွက်သာ အသုံးပြုနိုင်ပြီး စိမ်းလန်းစိုပြည်ရေးအတွက် အသုံးပြုလို့မရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ တန့်ကြည်တောင် တစ်လျှောက်မှာ တစ်ဖက်ပိတ်ရေလှောင်တမံတွေ တည်ဆောက်ပေးခြင်းအားဖြင့် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေအတွက် အလွန်အသုံးဝင်လိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒီကနေ့ တန့်ကြည်တောင် စိမ်းလန်းစိုပြည်လာတဲ့အခါမှာ ကျွန်တော်တို့ ပခုက္ကူမြို့နယ်မှာရှိတဲ့ ပြည်သူတွေ မိုးရေချိန် ကောင်းစွာရရှိပြီး ကောက်ပဲသီးနှံတွေ အထွက်တိုးပြီး ပြည်သူတွေရဲ့ဘဝတွေ မြင့်မားလာမှာဖြစ်တဲ့အတွက် ပြည်သူ့အကျိုးကို မျှော်ကိုးပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် အဆင့်မီစက်မှုလယ်ယာ ထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီးများ ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်အတွင်းရှိ တောင်သူလယ်သမားများ အကျိုးစီးပွားအတွက် ဒီမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြရသည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရန် မြေနေရာများစွာရှိတဲ့အပြင် ဒေသခံများလည်း စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ အိမ်နီးချင်းနိုင်ငံနှင့် ဈေးကွက်အရောင်းအဝယ်ရှိသဖြင့် စိုက်ပျိုးထွက်ကုန်မှန်သမျှ အကျိုးရှိစွာ ရောင်းချနိုင်သောအနေအထားရှိကြပါတယ်။ ရာသီသီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ အဓိကထား စိုက်ပျိုးရောင်းချကြရပါတယ်။ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလုံး ယာမြေပေါင်းများစွာရှိသကဲ့သို့ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် တောင်သူများ နှစ်စဉ် ကြိုးပမ်းဆောင်ရွက်

ကြပါတယ်။ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ခြင်း မရှိပါက စိုက်ပျိုးချိန်နောက်ကျပြီး သီးပင်စားပင်များ ရောင်းတန်းမဝင် အရှုံးနှင့် ရင်ဆိုင်နေကြရပါတယ်။

သို့ဖြစ်ပါ၍ "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခုလုံး လွှမ်းမိုးအကျိုးပြုနိုင်မယ့် စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ထူထောင်ပေးရန် တင်ပြရခြင်းဖြစ်ပါတယ်။ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သိုလှောင်ခြင်း စနစ်ကောင်းများကို ဒေသခံတောင်သူများ ရရှိခံစားစေလိုသဖြင့် အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းသွားမှာဖြစ်ပါတယ်။ "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် အဆင့်မီ စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ခွင့်ပြု ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ်ကောင်းများကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၈။**

**ဦးလှကျော် (ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ငါးဦးရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး တစ်ခုချင်း ဖြေကြားပေး ပါမယ်။ ဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ၏ မေးခွန်းဖြစ်သော ထန်တလန်မြို့နယ်၊ လုံဇာရ်ကျေးရွာအုပ်စု၊ ခွါဖိုးကျေးရွာ ရေရရှိရေးနှင့် စပ်လျဉ်းပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်မှာ ယခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မိမိတို့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အပါအဝင် ရေရရှိရေးလုပ်ငန်း (၄)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၂)ခုနှင့် အခြား ရေရရှိရေးလုပ်ငန်း (၃)ခု စုစုပေါင်း (၅)ခု ဆောင်ရွက်ရန် လျာထားလျက်ရှိပါတယ်။ ထန်တလန်မြို့နယ်၊ ခွါဖိုးကျေးရွာဟာဆိုလို့ရှိရင် အိမ်ခြေ (၆၂)အိမ်နှင့် လူဦးရေ (၃၀၀)ခန့် နေထိုင်လျက်ရှိကြောင်းတွေ့ရပါတယ်။ ကျေးရွာနေ ပြည်သူတွေ သောက်သုံးရေရရှိဖို့အတွက် မိမိတို့ဝန်ကြီး

ဌာနက ၂၀၁၆ ခုနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် (၂၅.၇၅)သန်းဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အရှည်မိုင် (၃)မိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ရေရယူသုံးစွဲလျက်ရှိတဲ့ စိမ့်စမ်းရေထွက်ဟာဆိုရင် နွေရာသီမှာ ရေထွက်နှုန်းလျော့ပြီး သောက်သုံးရေမလုံလောက်တဲ့အနေအထားဖြစ်ကြောင်း တွေ့ရပါတယ်။ ခွါဖိုးကျေးရွာ ရေရရှိရေးလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားဖို့ လျာထားပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် အတွင်းရှိ တာလီရေလွှဲဆည်ကို အမြန်ဆုံး ပြုပြင်တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း အပေါ်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်း နွမ်းလန်း ကျေးရွာအနီး တာလီချောင်းပေါ်မှာ တာလီရေလွှဲဆည်ကို ယခင်က လယ်မြေဧက (၃၄၈၆)ဧက ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ဖို့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း နယ်မြေလုံခြုံမှု အကန့်အသတ်အရ လုပ်ငန်းတွေအကောင်အထည် ဖော်ခြင်းကို ရပ်နားခဲ့ရတဲ့အခြေအနေ ကြုံတွေ့ခဲ့ရပါတယ်။ ယခုအခါမှာ အဲဒီဒေသကို ကွင်းဆင်း စစ်ဆေးချက်အရ လမ်းပန်းဆက်သွယ်မှုအနေနှင့် ပွင့်လင်းတိုးတက်လာတဲ့အလျောက် တာလီ ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ပြန်လည်ဆောင်ရွက်ဖို့ စီမံခဲ့ပါတယ်။ လုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းလုပ်ငန်းအဖြစ် အသေးစိတ် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက် ရမှာဖြစ်ပါတယ်။ ရေလွှဲဆည် ဒီဇိုင်းပုံစံပြုစုခြင်း၊ ခန့်မှန်းခြေစာရင်း တွက်ချက်ခြင်း၊ မြေယာ လျော်ကြေးကိစ္စ အစရှိတဲ့လုပ်ငန်းရပ်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့အတွက် စီမံထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တာလီ ရေလွှဲဆည် တည်ဆောက်ပေးနိုင်ဖို့အတွက် အကြိုပြင်ဆင်ခြင်းလုပ်ငန်းအနေနဲ့ ဆောင်ရွက်ဖို့ လိုအပ်တဲ့ ရန်ပုံငွေကို ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားတဲ့စာရင်းမှာ ထည့်သွင်းထားပြီးလည်းဖြစ်ပါတယ်။ ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းတွေကိုတော့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ရေသောက်

စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း နှစ်အလိုက် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် ရည်မှန်းထားတဲ့အခြေအနေများ ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး မေးမြန်းတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်မှာ ငါးဖမ်းဆီးလျက်ရှိတဲ့ ငါးနီတူ(ပလာကျင်းကျန်) ငါးဖမ်းလှေများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်အစီအစဉ်နဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းတွေကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ဖို့အတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ၁၉၉၀ ပြည့်နှစ်၊ ဧပြီလထဲကနေ ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေအဖြစ် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလမှာ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ည)နှင့် (ဋ) တို့အရ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းမှာ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေတဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်တွေအတွက် ကမ်းနီးငါးဖမ်းရေလုပ်ငန်း ရေပြင်နဲ့ ကမ်းဝေးငါးဖမ်းရေလုပ်ငန်းရေပြင်များ သတ်မှတ်ချက်၊ ပြီးတော့မှ လိုအပ်တဲ့ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ အရ ကမ်းနီးငါးဖမ်းလှေ အရွယ်အစားနှင့် ကမ်းဝေးငါးဖမ်းလှေ အရွယ်အစားတွေကို ညွှန်ကြားချက်များထုတ်ပြန်ပြီး သတ်မှတ်ခဲ့တဲ့အခါမှာ လက်ရှိ ကမ်းနီးငါးဖမ်းလှေအရွယ်အစား သတ်မှတ်ချက်ကို အလျားပေ(၄၀)၊ GT (၅)တန်အောက်နှင့် စက်မြင်းကောင်ရေ (၅၀) HP အဖြစ် တိုးမြှင့်သတ်မှတ်ပေးထားပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ငါးဖမ်းရာသီမှာ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ကမ်းဝေးငါးဖမ်းဆီးခွင့်လိုင်စင်ရထားတဲ့ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ် (၃၂၁၁)စီး ရှိခဲ့ပါတယ်။ ကမ်းနီးငါဖမ်းလိုင်စင်ရယူထားတဲ့ ရေယာဉ်ကတော့ (၁၉၁၉၉)စီးထိရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးမှာ ကင်းမွန်ငါးဖမ်းဆီးခွင့်ကို ၁၉၉၄ ခုနှစ် ကနေစတင်ပြီး ဒေသအခြေအနေအရ ဖမ်းဆီးခွင့်ပြုထားခဲ့ပါတယ်။ ကင်းမွန် ငါးဖမ်းရေယာဉ်တွေ အနေနဲ့ ငါးကို မီးနဲ့မြှူဆွယ်ဖမ်းဆီးခြင်းဖြစ်တဲ့အတွက် ကင်းမွန်ငါးအပြင် အခြား ရေပေါ် ရေအောက်နေ ငါးအများစု ဖမ်းဆီးရမိနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ကင်းမွန်ငါးကို တစ်ဖက် နိုင်ငံရဲ့ နည်းပညာ၊ ငါးဖမ်းပိုက်ကိရိယာနှင့်အတူ အကူပစ္စည်း စတဲ့ ပံ့ပိုးမှုတွေနဲ့ ဖမ်းဆီးခြင်းဖြစ်တဲ့ အတွက် ၂၀၀၄ ခုနှစ်မှာ မြိတ်ဒေသတစ်ခုလုံး ကင်းမွန်လုပ်ငန်းလုပ်ကိုင်တဲ့သူ များပြားလာတဲ့

အခြေအနေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မိမိတို့ရဲ့ မြန်မာ့ပင်လယ်ရေပြင်လုပ်ငန်းအတွင်းမှာ ငါး၊ ပုစွန်၊ သယံဇာတတွေ တည်ရှိမှုနဲ့ ထုတ်ယူသုံးစွဲမှုဆိုင်ရာ သုံးသပ်ဆွေးနွေးချက်တွေအရ တနင်္သာရီတိုင်းဒေသကြီးမှာ ပါကျိုးကျန်(ခေါ်) ပိုက်စိပ်အသုံးပြုပြီးတော့ ငါးနုတ်၊ ငါးငယ်များ ဖမ်းဆီးခြင်းကို ထိရောက်စွာ အရေးယူသွားရန်ရှိခဲ့ပါတယ်။ ငါးကို မီးနဲ့မြှူဆွယ် ဖမ်းဆီးခြင်းဟာ အားလုံးသိတဲ့အတိုင်း ငါးသယံဇာတကို ထိခိုက်စေတဲ့အတွက် စစ်ဆေးတွေ့ရှိလို့ရှိရင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ်၊ မတ်လအတွင်းမှာ ကြေညာချက်ထုတ်ပြန်ထားပြီးလည်း ဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့ တရွတ်ဆွဲငါးဖမ်းပိုက်ကွက် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကိုလည်းပဲ ငါးဖမ်းဆီးရာမှာ ငါးမြှူကိရိယာများ အသုံးပြုပြီး မြှူစွယ်ဖမ်းဆီးခြင်း ခွင့်မပြုကြောင်း ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာ ကင်းမွန်မီးထွန်းငါးဖမ်းရေယာဉ်ဟာ (၃၈၈)စီးရှိပါတယ်။ ကင်းမွန်ငါးဖမ်းလုပ်ငန်းကို တစ်ဖက်နိုင်ငံရဲ့ ပံ့ပိုးကူညီမှုနဲ့ ဖမ်းဆီးလာခြင်းနဲ့ ငါးဖမ်းလှေစီးရေအရေအတွက် အများအပြားဖြင့် ဖမ်းဆီးလာတဲ့အလျောက် သဘာဝမှာ ပြန်လည်ဖြည့်တင်းနိုင်တဲ့အားမျှခြေဟာ ထိခိုက်လာတဲ့အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မြိတ်ခရိုင်၊ ကင်းမွန်ငါးလုပ်ငန်းရှင်အသင်းကနေပြီးတော့ ကင်းမွန်၊ ငါးနီတူငါးကို ဖမ်းဆီးခွင့်ပြုရန် တင်ပြခဲ့တဲ့အပေါ်မှာ ၂၇-၈-၂၀၁၆ ရက်နေ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တော်ခန်းမမှာပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲရလဒ်ကနေပြီး ဆုံးဖြတ်ချက်နှင့်အညီ ခွင့်မပြုကြောင်း ထိုစဉ်ကာလကတည်းက အတိအလင်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်ခရိုင်၊ ကင်းမွန်ငါးလုပ်ငန်းရှင်များအသင်းက ရေလုပ်ငန်းဆိုင်ရာ အခက်အခဲပြဿနာတွေ၊ ပင်လယ်ငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်အချို့နဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်ပေးရန် တင်ပြမှုရှိပါတယ်။ ယင်းနဲ့စပ်လျဉ်းပြီး မိမိတို့ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တင်ပြခဲ့တဲ့အလျောက် ၂၀-၈-၂၀၁၈ ရက်နေ့မှာ သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါတယ်။ အဆိုပါ ဆွေးနွေးချက်ကရရှိတဲ့ ဆုံးဖြတ်ချက်တွေနဲ့အညီ ကမ်းနီးကင်းမွန် ငါးဖမ်းလှေတွေကို (၁၅)ကီလိုထက်မပိုတဲ့မီးကိုသာ အသုံးပြုဖို့၊ ကမ်းဝေးရေယာဉ်တွေအတွက် (၄၀)ကီလိုထက်မပိုတဲ့မီးကိုသာ အသုံးပြုဆောင်ရွက်သွားဖို့ ခွင့်ပြုချက်ပေးခဲ့ပါတယ်။ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်တွေမှာ ပါကျိုးကျန် ပိုက်စိပ်အသုံးပြုဖမ်းဆီးလို့ရှိရင် ဒဏ်ကြေးချမှတ်ပြီး ရေယာဉ်လိုင်စင် ပိတ်သိမ်းတဲ့အထိ အရေးယူဆောင်ရွက်သွားရန်လည်းပဲ ထုတ်ပြန်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ ငါးဖမ်းပိုက်ကွက် (၀.၂၅)လက်မနဲ့ ဖမ်းဆီးတဲ့ ငါးနီတူလှေတွေကို တရားဝင် ဖမ်းဆီးခွင့်ပြုခြင်းမရှိကြောင်း

တင်ပြအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တရားမဝင် လိုင်စင်မဲ့ရေယာဉ် (၃၅)စီး၊ သတ်မှတ်စည်းကမ်းဖောက်ဖျက်တဲ့ ငါးဖမ်းရေယာဉ်(၆၈)စီး စုစုပေါင်း(၁၀၃)စီးနဲ့ တားမြစ်ငါးဖမ်းကိရိယာ(၂)ခု ဖမ်းဆီးရမိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းပဲ တရားမဝင် လိုင်စင်မဲ့ရေယာဉ်(၂၈)စီးနဲ့ စည်းကမ်းပျက်ရေယာဉ်(၁၃)စီး၊ မိုင်းခွဲလှေ(၁)စီး စုစုပေါင်း(၄၂)စီးကိုလည်းပဲ တပ်မတော်(ကြည်း) တပ်ရင်း၊ တပ်ဖွဲ့များနှင့် တပ်မတော်(ရေ) စစ်ရေယာဉ် အကူအညီများနဲ့ ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်းပဲ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို အရေးယူဆောင်ရွက်တဲ့အခါမှာ ပါကျီးကျုန်ပိုက် အသုံးပြုတဲ့ စည်းကမ်းပျက် ကင်းမွန်နဲ့ ဝိုင်းချုပ် ငါးဖမ်းရေယာဉ်(၁၃)စီး ပါရှိခဲ့ပါတယ်။ အဲဒီငါးဖမ်းရေယာဉ်တွေကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေတဲ့အပြင် ဝိုင်းချုပ်ပိုက်နဲ့ ကင်းမွန်လုပ်ငန်းလုပ်ကိုင်ခွင့်မပြုဘဲနဲ့ အခြားငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်စေခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးနီတူတွေကို အခြောက်လှန်းဖို့အတွက် ကမ်းခြေမြေနေရာ လက်ဦးရယူမှုကြောင့် အငြင်းပွားမှုတွေ ၎င်းကထွက်တဲ့ အနံ့ဆိုးတွေကြောင့် အမြဲတမ်းနေထိုင်ကြတဲ့ဒေသခံတွေနဲ့ ကမ်းခြေကိုလာရောက်လည်ပတ်သူတွေရဲ့ ကျန်းမာရေးချို့ယွင်းမှုနဲ့ စိတ်အနှောင့်အယှက်ဖြစ်မှုများ ကမ်းခြေလာ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု ကျဆင်းရခြင်းများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားပါမယ်။ ငါးတွေကို အခြောက်လှန်းဖို့အတွက် ကမ်းခြေနေရာမှာ လက်ဦးမှုရယူတဲ့အတွက်ကြောင့် အငြင်းပွားခြင်းတွေ မဖြစ်စေဖို့နဲ့ အခြား သင့်လျော်မည့်နေရာရှာဖွေမှုနဲ့ ငါးလှန်းစင်တွေကို စနစ်တကျ ဆောင်ရွက်သွားဖို့ကိုလည်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ သက်ဆိုင်ရာဌာနတွေကို ညွှန်ကြားကြီးကြပ်ဆောင်ရွက်စေမှာဖြစ်ကြောင်း ဖြေကြားထားပါတယ်။ မိမိတို့ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မိမိရဲ့ လုပ်ငန်းတာဝန်နဲ့အညီ တရားဝင် မှတ်ပုံတင်ထားတဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ သက်ဆိုင်ရာ စစ်ဆေးရေးစခန်းမှာ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ မထွက်ခွာမီ ငါးဖမ်းကိရိယာများကို စစ်ဆေးခြင်း သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များနဲ့ လုပ်ငန်းတာဝန်အလိုက် စစ်ဆေးခြင်းတွေကိုလည်းပဲ Check Point တွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနက ငါးဖမ်းလိုင်စင် ထုတ်ပေးထားခြင်းမရှိတဲ့ ငါးဖမ်းစက်လှေတွေကိုတော့ ပင်လယ်ပြင်စစ်ဆေးရေးမှူးအာဏာ လွှဲအပ်ထားတဲ့ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ) စစ်ရေယာဉ်များ ပူးပေါင်းပြီး အရေးယူဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်တဲ့စနစ် (Vessels Monitoring System-VMS) ကို အသုံးပြုပြီးတော့လည်းပဲ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ယခု ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း တိုင်းဒေသကြီးအတွင်း မြန်မာ့ပင်လယ်ပြင် ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလုပ်ငန်းနဲ့ စပ်လျဉ်းပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်

သွားဖို့ ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များရှိ စစ်ဆေးရေးစခန်းများမှာလည်းပဲ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပိုက်ကွက်၊ မီးအားဒိုင်နမိုတို့ကို ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့်မညီတဲ့ ငါးဖမ်းကိရိယာတွေကို ခွင့်ပြုပေးထားခြင်း မရှိတဲ့အလျောက် လက်ရှိအချိန်မှာလည်းပဲ ပါကျီးကျနံ ပိုက်ကွက်စိပ်များဖြင့် ဖမ်းဆီးခြင်းတွေကို အရေးယူဆောင်ရွက်လျက်ရှိတဲ့အနေအထားဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ မေးထားတဲ့ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး တစ်ဖက်ပိတ်ရေလှောင်တမံတွေ တည်ဆောက်ပေးရန်နဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူ ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့ အနောက်ဘက် (၁၀)မိုင်ခန့်အကွာမှာတည်ရှိတဲ့ တန့်ကြည်တောင်တန်းဟာ နှစ်စဉ် မိုးရေချိန်လက်မ (၂၀)ဝန်းကျင်သာရပါတယ်။ မိုးရွာသွန်းမှုနည်းပါးတဲ့အတွက် သစ်ပင်ပေါက်ရောက်မှုနည်းပါးပြီး တောင်ကတုံးတွေအဖြစ် တည်ရှိနေပါတယ်။ တန့်ကြည်တောင်တန်းတစ်လျှောက် တစ်ဖက်ပိတ်ရေလှောင်တမံတွေ တည်ဆောက်ပေးနိုင်ဖို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်တွေအရ တန့်ကြည်တောင်ဘုရားအရှေ့ဘက် (၅)ဖာလုံခန့်အကွာ ရေဆင်းဧရိယာ (၁)စတုရန်းမိုင်ခန့်ရှိတဲ့ ကြင်ချောင်းပေါ်မှာ တမံအလျားပေ (၁၀၀၀)၊ အမြင့် (၉၅)ပေရှိတဲ့ တစ်ဖက်ပိတ်ဆည်တည်ဆောက်နိုင်မှာဖြစ်သော်လည်းပဲ ရေဝင်မှုအတွက် မိုးရွာသွန်းမှုနည်းပါးပြီး ရေဆင်းဧရိယာလည်း လျော့ပါးတဲ့အလျောက် ရေသိုလှောင်မှုနည်းပါးမယ့်အခြေအနေဖြစ်ကြောင်း တွေ့ရှိပါတယ်။ ရေဝပ်ဧရိယာ (၂၅)ဧကသာ သိုလှောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တည်ဆောက်ရေးအပိုင်းအနေနဲ့လည်း တမံအောက်ခံမြေသားတွေမကောင်းတာ၊ တောင်နံရံတွေ မတ်စောက်ပြီး ကောင်းမွန်တဲ့ဖို့မြေရရှိဖို့ ခက်ခဲတဲ့အတွက် ကျော်လွှားနိုင်ဖို့ ဒီအကန့်အသတ်တွေရှိတဲ့အခြေအနေများ တွေ့ရှိရပါတယ်။ ရေပိုလွှဲ တည်ဆောက်မယ့်နေရာဟာလည်း မတ်စောက်တဲ့နံရံကိုထွင်းပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကွင်းဆင်းစစ်ဆေးချက်အရ တစ်ဖက်ပိတ်ဆည် တည်ဆောက်ဖို့အတွက် အခြေအနေ မပေးကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် တနင်္သာရီ တိုင်းဒေသကြီး တန့်ကြည်တောင် စိမ်းလန်းစိုပြည်မှု ရေရရှိရေးအတွက် ရေဝတီမြစ်ကနေပြီးတော့ မြစ်ရေတင်လုပ်ငန်းကို ၁၉၉၈ ခုနှစ်က စတင်ပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ကြည်တောင်ဒေသအရှေ့ခြမ်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့ တန့်ကြည်တောင် ဂေါပကအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့တာကို သိရှိရပါတယ်။ ရေဝတီမြစ်ရေတင်စနစ်မှရတဲ့ရေကို ဂေါပကအဖွဲ့နဲ့ ညှိနှိုင်းသုံးစွဲပြီး လက်ရှိအချိန်ထိ အပင်ပေါင်း (၈၇၅၀၀)ကျော် စိုက်ပျိုးထားမှုရှိပါတယ်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့ လွန်ခဲ့တဲ့ ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ နှစ်(၂၀)ကျော် ကာလအတွင်းမှာ သစ်တောစိုက်ခင်း (၇၄၆၀)ဧက၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း (၄၁၄၀၀)ဧက၊ အထူးစိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ပျိုးခြင်း (၈၃၃၃၀)ပင်၊ ရေကန်ငယ်တူးဖော်ခြင်းနှင့် နုန်းတားဆည်တည်ဆောက်ခြင်း စတဲ့ အခြားရေရရှိရေးလုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ယခုအခါမှာ တန့်ကြည်တောင်ဒေသ အထူးစိမ်းလန်းစိုပြည်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်းမှာ အပင်ပေါင်း (၅၃၅၀၀) စိုက်ပျိုးခဲ့ပါတယ်။ ဒေသတွင်း ယောချောင်းအနီး မြေအောက်ရေ အဝီစိတွင်းတူးရေတင်စနစ်နဲ့ ဂါလန်(၅၀၀၀)ဆံ့နှင့် ဂါလန်(၁၀၀၀၀)ဆံ့ အုတ်ရေကန်တွေကို ရေတင်ပြီးတော့မှ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ရေရရှိရေးလုပ်ငန်းများအနေနဲ့ ရေကန်ငယ်(၅)ကန်၊ တစ်ဖက်ရပ်ဆည်(၁၀)ခု တည်ဆောက်ထားပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပခုက္ကူမြို့နယ်၊ တန့်ကြည်တောင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် တစ်ဖက်ပိတ်ရေလှောင်တမံငယ်တွေနဲ့ ရေကန်ငယ်များ တိုးမြှင့်ပြုလုပ်ခြင်းကို လာမည့်ဘဏ္ဍာရေးနှစ်တွေမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ အဓိကအစီအမံတစ်ရပ်အဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှာ အဆင့်မီ စက်မှု

လယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲ၊ လားရှိုးနဲ့ ကွမ်းလုံမြို့များမှာ စက်မှုလယ်ယာစခန်းတွေ ဖွင့်လှစ်ထားရှိပါတယ်။ လယ်ယာသုံးစက်ကိရိယာ တွေကို ဖြန့်ဖြူးရောင်းချပေးမှု၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်ပေးမှုနဲ့ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒေသခံတောင်သူလယ်သမားတွေအတွက် လိုအပ်ချက်ကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူတွေရဲ့ စိုက်ပျိုးမြေများ ထွန်ယက်ခြင်းနဲ့ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် ဟိုပန်မြို့နဲ့ (၁၄)မိုင်သာကွာဝေးတဲ့ ကွမ်းလုံမြို့နယ်၊ စက်မှုလယ်ယာစခန်းကနေ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်မြို့နယ်မှာ စပါးဧက (၃၅၁၄၀)ဧက စိုက်ပါတယ်။ ပြောင်း (၁၂၁၆၂)ဧက၊ ပဲအမျိုးမျိုး (၁၆၀၀)ကျော်ဧက၊ စုစုပေါင်းသီးနှံစိုက်ဧရိယာဟာ (၄၈၉၅၇)ဧက စိုက်ပျိုးမှု ရှိပါတယ်။ ဒေသရဲ့ အနေအထားအရ တောင်သူပိုင် ထွန်စက်ကြီးဟာ (၃၂)စီးရှိပါတယ်။ လက်တွန်း ထွန်စက် (၁၈၁)စီးရှိပါတယ်။ ရိတ်သိမ်းခြွေလှေ့စက် (၁)စီးနဲ့ ခြွေလှေ့ကိရိယာ (၁၂၂)စီးတို့နဲ့ ထွန်ယက် ရေးလုပ်ငန်းတွေ၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြပါတယ်။ ဟိုပန်မြို့နယ် အတွင်းမှာရှိတဲ့ လယ်ယာသုံးစက်ကိရိယာများ ကိုယ်ပိုင်ဝယ်ယူလိုတဲ့ တောင်သူလယ်သမားတွေကို မိမိတို့ဌာနအနေနဲ့ (၂)နှစ် (၃)ရစ် ပေးဆပ်စနစ်နဲ့ ကွမ်းလုံ စက်မှု လယ်ယာစခန်းမှတစ်ဆင့် အရစ်ကျ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှာ အဆင့်မီစက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန်မှာ မိမိဌာန၌ လက်ရှိဖွဲ့စည်းပုံအင်အားအခြေအနေအရ စခန်းအသစ်များ ထပ်မံတိုးချဲ့နိုင်ခြင်းမရှိသေးတဲ့ အခြေအနေရှိနေပါတယ်။ ဟိုပန်မြို့နယ်အတွက် ကွမ်းလုံ စက်မှုလယ်ယာစခန်းမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် လတ်တလောမှာ စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ် ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကပေးပို့သော ရေအရင်း အမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်း များထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၄ နှင့်အညီ ၁၀ - ၆ - ၂၀၂၀ ရက်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၅ နှင့်အညီ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမား ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး က အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြု ပြင်ဆင်ချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ် ရေးထိုးပြီး ၇ - ၈ - ၂၀၂၀ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၀:၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]